ကန့်သတ် နောက်ဆက်တွဲ(ဂ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့

အမိန့်အမှတ် ၃/၂၀၂၂

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်)

**တိုးတက်မှုအစီရင်ခံစာမူကြမ်း(အင်္ဂလိပ်+မြန်မာ)စိစစ်ရေးသားရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁၉၀/၂၀၂၂ ဖြင့် ၂၆-၁၀-၂၀၂၂ ရက်တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့သည် အာရှ-ပစိဖိတ်ပူးတွဲအဖွဲ့(Asia Pacific Joint Group-APJG) သို့ (၄)လ တစ်ကြိမ် ပေးပို့ရသည့် မြန်မာနိုင်ငံ၏ တိုးတက်မှုအစီရင်ခံစာအား ပြည့်စုံထိရောက်စွာ ရေးသား နိုင်ရေးအတွက် **တိုးတက်မှုအစီရင်ခံစာမူကြမ်း(အင်္ဂလိပ်+မြန်မာ)စိစစ်ရေးသားရေးအဖွဲ့**ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) ဦးမင်းဟန်စိုး — အဖွဲ့ခေါင်းဆောင်
ညွှန်ကြားရေးမှူးချုပ်၊ ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာန
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ခ) ဦးကျော်ကျော်နိုင် — ဒုတိယအဖွဲ့ခေါင်းဆောင်
ညွှန်ကြားရေးမှူးချုပ်၊ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

(ဂ) ရဲမှူးချုပ် အောင်ဌေးမြင့် — အဖွဲ့ဝင်
ဌာနကြီးမှူး၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(ဃ) ရဲမှူးချုပ် မျိုးသူစိုး — အဖွဲ့ဝင်
အဖွဲ့ခေါင်းဆောင်
ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့

(င) ဦးမင်းရွှေ — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ပြည်ထဲရေးဝန်ကြီးဌာန

ကန့်သတ်

(စ) ဦးအောင်ကျော်သန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ ငွေကြေးမူဝါဒရေးရာနှင့်ဘဏ်လုပ်ငန်းဥပဒေစည်းမျဉ်းဌာန
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဆ) ဒုတိယရဲမှူးကြီး မြင့်စိုး — အဖွဲ့ဝင်
ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့

(ဇ) ဦးသူရိန်အောင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

၂။ တိုးတက်မှုအစီရင်ခံစာမူကြမ်း(အင်္ဂလိပ်+မြန်မာ) စိစစ်ရေးသားရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သက်ဆိုင်ရာဌာနအလိုက် တင်ပြအစီရင်ခံချက်များကိုစုစည်း၍ တိုးတက်မှုအစီရင်ခံစာမူကြမ်း (အင်္ဂလိပ်+မြန်မာ) ရေးသားခြင်း၊

(ခ) တိုးတက်မှုအစီရင်ခံစာမူကြမ်း(အင်္ဂလိပ်+မြန်မာ)အား ပြည့်စုံထိရောက်မှု ရှိမရှိ စိစစ်ခြင်း၊

(ဂ) စိစစ်ချက်အရ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) အစီရင်ခံစာမူကြမ်းအား ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့သို့ အတည်ပြုနိုင်ရေး တင်ပြခြင်း၊

(င) APJG သို့ သက်မှတ်ရက်အတွင်းအချိန်မီပေးပို့ခြင်းနှင့် အစည်းအဝေးများတွင် တာဝန်ခံဖြေဆိုခြင်း။

ဥက္ကဋ္ဌ ( မျိုးသူစိုး )
(ရဲမှူးချုပ် မျိုးသူစိုး၊ အတွင်းရေးမှူး)

စာအမှတ်၊ ၄၃၄၅ ( ၇၁၃၀ )/ ၁၄-၀၅ / ဦး ၄
ရက် စွဲ၊ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်

**ဖြန့်ဝေခြင်း**

အဖွဲ့ဝင်များအားလုံး

မိတ္တူကို

ဥက္ကဋ္ဌ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့
ဒုတိယဥက္ကဋ္ဌ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့
ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့
မျှော/လက်ခံ